Government of Western Australia
School Curriculum and Standards Authority

## ဘာသာစကား အပ်နှံခြင်းလုပ်ငန်းစဉ် ၊ မိဘများအတွက် အချက်အလက်

WACE ဘာသာစကားသင်တန်း အပ်နှံမည့် ကျောင်းသားများအားလုံး *WACE ဘာသာစကား သင်တန်းတွင် အပ်နှံခွင့်ရရှိရန်အတွက်* အွန်လိုင်းလျှောက်လွှာကိုကျောင်းသင်ရိုးညွှန်းတမ်းနှင့် စံသတ်မှတ်ချက်များ ကျောင်းအာဏာပိုင် (အာဏာပိုင်) ထံသို့ တင်သွင်းရန်လိုအပ်ပါသည်။

Year 10* ကျောင်းသားများသည် အွန်လိုင်းလျှောက်လွှာကို ကျောင်းသားကိုယ်တိုင်တင်ရပါမည်။

အွန်လိုင်းလျှောက်လွှာကို ဖြည့်စွက်ရန် ကျောင်းသားသည် အိမ်တွင်ဖြစ်စေ ကျောင်းတွင်ဖြစ်စေ ကွန်ပျူတာအသုံးပြုရန်လိုအပ်ပါသည်။ မေးစရာများရှိပါက သင့်ကလေး၏ ဘာသာစကားဆရာ သို့မဟုတ် ကျောင်းအုပ်ချုပ်ရေးသို့ အကူအညီတောင်းနိုင်ပါသည်။

## လိုအပ်သော အချက်အလက်

သင်၏ကလေးသည် အောက်ပါ အသေးစိတ်အချက်အလက်များကို ဖြည့်စွက်ပေးရန် လိုအပ်ပါမည်-

- မူလတန်းအကြိုမှစ၍ နှစ်စဉ်တက်ရောက်ခဲ့သော ကျောင်းများ၏ အသေးစိတ်အချက်အလက်၊
- နိုင်ငံခြားတွင် ကျောင်းသားတက်ရောက်ခဲ့သော ကျောင်း/များ၏ နှစ်အလိုက်ကျောင်း ရီပို့/များ
- ယခင်ကနေထိုင်ခဲ့သော နိုင်ငံများ
- ယခင်ကလည်ပတ်ခဲ့သော နိုင်ငံများ
- နိုင်ငံတွင်း အလည်အပတ်သွားခြင်း/များ၏ အကြောင်းပြချက်/များ
- နိုင်ငံတွင်း အလည်အပတ်သွားခြင်း/များ၏ ကြာချိန်
- စကားစပြောရန် ၎င်းပထမဦးဆုံး သင်ကြားခဲ့သောဘာသာစကား/များ
- ကျောင်းသား ပြောတတ်၊ ရေးတတ်၊ ဖတ်တတ်သော အခြားဘာသာစကား/များ
- မိဘ/များ သို့မဟုတ် အုပ်ထိန်းသူ/များ သို့မဟုတ် မောင်နှမ သူငယ်ချင်းများနှင့် ၎င်းပြောသောဘာသာစကား

## အထောက်အကူပြုစာရွက်စာတမ်းများ

သင့်ကလေးသည် အောက်ပါစာရွက်စာတတမ်းများအတွက် ဓါတ်ပုံ သို့မဟုတ် စကင်န်ဖတ်ထားသည်များ လိုအပ်ပါသည်၊

- မိဘ/အုပ်ထိန်းသူ အသိအမှတ်ပြု ပုံစံစာရွက် (မဖြစ်မနေလိုအပ်သည်)
- နိုင်ငံကူးလက်မှတ် မှတ်ပုံတင်စာမျက်နှာ၊ ရှိလျှင်
- နိုင်ငံတကာလှုပ်ရှားမှု/များ၊ (ရှိလျှင်)
- နိုင်ငံခြားကျောင်း ရီပို့/များ (ရှိလျှင်)။

လျှောက်လွှာတင်ခြင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကျောင်းအာဏာပိုင် ဝက်ဘ်ဆိုဒ်တွင် ရရှိနိုင်ပါသည်။ [https://senior-secondary.scsa.wa.edu.au/syllabus-and-support-materials/languages](https://senior-secondary.scsa.wa.edu.au/syllabus-and-support-materials/languages)

* ၎င်းသည် ခုနှစ်တွင် ဘာသာစကားသင်တန်း Year 11 အတန်းသို့ လျှောက်ထားမည့် Year 9 ကျောင်းသားများ အတွက်လည်း အကျုံးဝင်သည်။